ဝဲဝန်းကျေးရွာ

သံဖြူဇရပ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝဲဝန်းကျေးရွာ သံဖြူဇရပ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊သံဖြူဇရပ်မြို့နယ်

ကကူညီရေးဆွဲသည် )

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝဲဝန်းကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက် ၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီ လ၊ ၂၀၁၉ ခု

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝဲဝန်းကျေးရွာ
သံဖြူဇရပ်မြို့နယ်

## ဝဲဝန်းကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝဲဝန်းကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သဖြူဇရပ်မြို့၊အနင်းကျေးရွာ အုပ်စုတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သံဖြူဇရပ် - ရေးလမ်းမကြီး အရှေ့တောင်ဘက်တွင် ရေလမိုင်း၊ အနောက်ဘက်တွင် အနင်းကျေးရွာ၊ တောင်ဘက်တွင် ပကိုက်ဘုရားနှင့် ရော်ဘာခြံများ ၊ မြောက်ဘက်တွင် အောက်ငှက်ပျောတော ကျေးရွာတို့ နှင့်နယ်နိမိတ်ချင်း ထိဆက်ကျွက် ရှိပါသည်။ ကျေးရွာ၏ မြေမျက်နှာပြင် သည် ညီညာပြန့်ပြူးခြင်းရှိပါသည်။ ကရင်လူမျိုးများသာ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၃၂.၀၀) ဧကနှင့်ဥယျာဉ်ခြံမြေ (၁၂၆.၀၀) ဧက စုစုပေါင်း (၁၅၈.၀၀) ဧကရှိပြီး အိမ်ခြံမြေများ တွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင် များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည် အသွေးမှာ အသင့်အတင့် ကောင်းမွန် ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား- ၃ ဦး) သည် ကျေးရွာ၏ ပညာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ရပ်မိရပ်ဖ အဖွဲ့ ကျား(၅)ဦးနှင့် ဓမ္မစလ်ကူး အဖွဲ့ (ကျား (၁)ဦး+မ(၂)ဦး သည် ဘာသာရေး လုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။ ကျေးရွာ လူငယ်အဖွဲ့ကျား (၃)ဦး+မ(၄)ဦး သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်း များတွင် စုပေါင်းလုပ် ဆောင်နေကြပါသည်။ ကျောင်းကော်မတီမှ (ကျား-၇ဦး+မ-၃ဦး) သည်ကျေးရွာ စာသင် ကျောင်းရှိ ဆရာ/ဆရာမများ နှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေး ၊နှင့် တိုးတက်လာစေရေး အတွက် လုပ်ဆောင်လျှက်ရှိပါသည်။ အရံမီးသတ်တပ်ဖွဲ့ဝင် ကျား(၂)ဦး ရှိပြီး လုံခြုံရေးအတွက် ဆောင်ရွက်နေကြပါသည်။ သွေးလှူရှင်အဖွဲ့သည်(ကျား(၄)ဦး+မ (၁)ဦး) ကျန်းမာရေးအတွက် ကူညီ ဆောင်ရွက်နေကြပါသည်။ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်မှု အားနည်း နေပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့ အစည်းများ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြင်း မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဝဲဝန်း ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၄၅)ဦး ရှိပြီး ရော်ဘာခြံလုပ်ငန်း၊ ကျဘန်း နှင့် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင် နေကြပါသည်။ ဆင်းရဲသားတောင်သူ (၂၃)ဦး၊ တောင်သူငယ် (၁၂)ဦး၊ တောင်သူလတ်(၁)ဦး ရှိပြီး ရော်ဘာခြံလုပ်ငန်းကို ဆောင်ရွက်နေကြပါသည်။

ရော်ဘာစိုက်ပျိုးရေးနှင့်လယ်ကိုသာ အဓိကထား လုပ်ကိုတက်ကြသဖြင့် စိုက်ပျိုးရေး အတွက် နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု အသင့်အတင့်ရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်းသာ ထွက်ရှိပါသည်။ မိုးစပါးစိုက်ပျိုးခြင်းအတွက် ဒီရေတက်ချိန်တွင် ရေငံများဝင်ပြီး စပါးခင်း ဧက (၃၂)လောက်ရေနှစ်မြုပ်ပြီး (၁၀)ဧကလောက်မှာ ပျက်စီးဆုံးရှုံးမှု များရှိခြင်း၊ ဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ခြင်းကြောင့် စပါးစိုက်ပျိုးရေးအတွက်လည်း နည်းပညာများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာ တစ်ဦးချင်းပိုင်ဆိုင်မှု မှာ ထွန်စက် (၇)စက်၊ အစေ့ချ ကိရိယာ (၁)ဦး၊ ရေစုပ်စက် (၅) လုံးနှင့်မြိတ်ရိတ်စက် (၈) လုံးသာရှိပါသည်။ စပါးစိုက်ပျိုးရာတွင် တစ်ဧကလျှင် ထွန်ယက် စိုက်ပျိုးပြီး သည့်အထိ ကျပ်(၅၀၀၀၀)ပေးရပြီး ရိတ်သိမ်းချိန် တွင် ခလေ့ အတိုင်းသာ လူဖြင့်လုပ်ကိုင်ဆောင်ရွက်လေ့ ရှိပါသည်။ ကျေးရွာတွင် လိုအပ်သည့် သွင်းအားစုနှင့် ဓါတ်မြေသြဇာများကိုလည်း ဝယ်ယူနိုင်ခြင်းမရှိပါ။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုများ ကိုလည်း ကျေးရွာမှ ထော်လာဂျီများဖြင့်(၄)မိုင်ခန့် ဝေးကွာသည့် အနင်းကျေးရွာ ဈေးသို့တင်ပို့ပြီး ရောင်းချ နိုင်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၁) စုကောင်ရေ (၃၇) ကောင်၊ အိမ်ထောင်စု (၄)စု ကျွဲကောင်ရေ (၁၉) ကောင်၊အိမ်ထောင်စု (၁)စု ဆိတ်ကောင်ရေ (၃၀) ၊အိမ်ထောင်စု (၄၉)စု ဝက်ကောင်ရေ ၇၇ကောင်၊ အိမ်ထောင်စု(၄၃)စု ကြက်ကောင်ရေ (၁၈၇)ကောင် နှင့် အိမ်ထောင်စု( ၂)စု ဘဲကောင်ရေ (၆)ကောင် ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီ ကူးပြောင်းချိန်တွင် ကြက်လည် တွန်နာများကျပြီး ရောဂါများ ကူးစက်၍ ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိပါသည်။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်း ကြပါသည်။ သို့သော်လည်း ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်ဆောင်ရွက်ချင်သည့် အိမ်ထောင်စုများလည်း မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် လက်သမား၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင် နေသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး

မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှု အနည်းငယ်ရှိသော်လည်း အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများ နှင့် လုပ်ကိုင်သူ ဦးရေ ရှိလာခြင်း ကြောင့် လုပ်သား အင်အား ရှားပါးသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မှ ချေးယူခြင်းများရှိပါသည်။ကျေးရွာတွင် မိတ်ဆွေနှင့် ဆွေမျိုးများ နှင်ငွေချေးပေးသူထံမှသာ ချေးယူကြပါသည်။ ကိုယ်ပိုင်ရင်းနှီးငွေ အနည်းအကျဉ်း ဆောင်ရွက်နိုင်ပါသည်။ မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာ အတွင်းရှိ ငွေချေးသူ များထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြ ရပါသည်။ အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေဝန်ဆောင်မှုများ ရှိခဲ့သော်လည်း ကျေးရွာမှ လူအများစုမှနားလည်မှု နည်းပါးခြင်းနှင့် ဦးဆောင်၍ တာဝန်ခံဆောင်ရွက်မည့်သူ မရှိခြင်းကြောင့် ကျေးလက်ဦးစီးမှ မြစိမ်းရောင် စီမံကိန်းအား ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ကျေးရွာသူ/သားများအား နားလည်နိုင်စေရန် စီမံနိုင်မည့် လူငယ်များရှိအောင် စီမံခန့်ခွဲရေးနှင့်ခေါင်းဆောင်မှုသင်တန်းများ ပေးသင့် ကြောင့် လေ့လာတွေ့ရှိရပါသည်။

**၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် စက်ဘီး (၄၉) စီး၊ မော်တော် ဆိုင်ကယ် (၇၀) စီး၊ ထော်လာဂျီ (၃) စီး၊ ကား (၂) စီး ရှိပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အများစုမှာ ဆိုင်ကယ် ကိုသာ အသုံးပြု နေကြပါသည်။

ကျေးရွာတွင် ရွာတွင်းမြေသားလမ်း (၂) လမ်းနှင့် ကျေးရွာချင်းဆက်လမ်း (၁)လမ်း ရှိပြီး လမ်းအခြေအနေ အသင့်အတင့် ကောင်းမွန်ပါသည်။ ၎င်းလမ်းများအား ကွန်ကရစ် လမ်းနှင့်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးပိုမို ကောင်းမွန် လာမည်ဖြစ်ပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စု (၉၁) စု ရှိပြီး ဆိုလာစနစ်ဖြင့် (၅၂) အိမ်ထောင်စု ၊ဒီဇယ်အင်ဂျင်ဖြင့်(၁)အိမ်ထောင်စုနှင့် အမျိုးအမည် ခွဲခြား၍ မရသော အိမ်ထောင်စု (၃၉) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် ငွေကြေးမတက်နိုင်သဖြင့် မဟာဓါတ်အားလိုင်း စနစ်ဖြင့် မီးလင်းရေး ဆောင်ရွက် နိုင်ခြင်း မရှိသေးပါ။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၂) လုံး၊ ရေဒီယို (၃) လုံး၊ တီဗွီ (၁၆) လုံး၊ ဂြိုလ်တုစလောင်း (၂၄)လုံး စသည်ဖြင့် သတင်းအချက် အလက်များကို ကြည့်ရှု/နားဆင် ကြပါသည်။ ကျေးရွာအနီးတွင် MPT,Telenor တာဝါတိုင်များနှင့် မလှမ်းမကမ်းတွင် ရှိသောကြောင့် ဖုန်းလိုင်းဆက်သွယ်ရန် အခက် အခဲများ မရှိပါ။

## ၆။ ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာရေးကို အနင်းကျေးရွာ (အ.ထ.က)ကျောင်းသို့ သွားရောက် ပညာ သင်ကြား ရပါသည်။ ကျောင်းမျက်နှာကျက်တပ်ရန်လိုအပ်ခြင်း၊ ကျောင်းသုံး ပရိဘောဂ များ လိုအပ်ခြင်း ၊ ကျောင်းအုတ်တံတိုင်းကာရံခြင်း ၊ ရပ်ဝေးမှ ဆရာ/မများအတွက် ဝန်ထမ်း အိမ်ယာဆောက်ခြင်း၊ ကလေးငယ်များအတွက် ကျောင်းစာကြည့်တိုက် ဆောက်လုပ် ပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြ ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၂.၂၈) ရာခိုင်နှုန်း ၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၄.၉၅) ရာခိုင်နှုန်း ရှိပါသည်။ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၀.၈၉) ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ရာတွင် အထောက်အကူရရှိမည် ဖြစ်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနရှိပါသည်။ ကာကွယ်ဆေးထိုးပေးမှုများ ရှိပါသည်။ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေး အစီအစဉ်များ မရှိပါ။ ကျန်းမာရေးအတွက် အရေးကြီး အခြေအနေများတွင် သံဖြူဇရပ်မြို့ ဆေးရုံသို့ သွားလာရ အဆင်ပြေသောကြောင့် ကျန်းမာရေး ကဏ္ဍအတွက် ကြီးမားသည့် အခက်အခဲများ မရှိပါ။

ကျေးရွာတွင် သောက်သုံးရေကို လက်တူးတွင်းများမှ ရေကိုသာ အသုံးပြု ကြပါသည်။ အိမ်ထောင်စု (၂၀)စုမှ လက်တူးတွင်းများမှ ရေခမ်းသည့်အခါ သောက်သုံးရေ သုံးစွဲရန် အခက်အခဲ ဖြစ်ပါသည်။ သို့ရာတွင် ရေစုကန်ဆောက်၍ အခြားအိမ်ထောင်စုများမှ ရေပိုက်သွယ်တန်းပြီး အသုံးပြုနိုင်ခြင်းကြောင့် သောက်သုံးရေအတွက် အခက်အခဲများ မရှိပါ။ ကျေးရွာတွင် ကျန်းမာရေး အသိအမြင် ဗဟုသုတများ လူတိုင်းနားလည်စေရန် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့် အိမ်ထောင်စုများ မရှိပါ။ လက်လုပ်လက်စား ကျဘန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စု များသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ကျေးရွာအနီး ချောင်းမှ သဲများကို ရရှိနိုင်ပါသည်။ သဘာဝ အပင် မျိုးစိတ်နှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပါသည် ။ မိုးရာသီနှင့် ရာသီ ကူးပြောင်းချိန်ကာလ တွင် သွေးလွန်တုပ်ကွေးရောဂါအများဆုံး ဖြစ်ပွားလျှက်ရှိပြီး တီဗွီရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ လူကြီးများတွင်ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အများဆုံး ဖြစ်ပွားလျှက်ရှိပါသည်။ တိရိစ္ဆာန် ရောဂါများသည် ရာသီကူးပြောင်းမှု များတွင် ဖြစ်ပေါ်သော ကြက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်း ငယ် ရှိပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - အနင်း | | | ကျေးရွာအမည် - ဝဲဝန်း | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း (အလျား၂၀'x အနံ ၄၀’ ) | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ် ဆောင်ရွက်ခြင်း။ | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂသင်ထောက်ကူ | ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း (အလျား၃၀'x အနံ ၃၀’ ) | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂသင်ထောက်က | ဆရာ/မအတွက် နားနေဆောင် လိုအပ်ခြင်း (အလျား၄၀'x အနံ ၃၀’ ) | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂသင်ထောက်က | ဆရာ/မအတွက် နားနေဆောင် လိုအပ်ခြင်း (အလျား၄၀'x အနံ ၃၀’ ) | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂသင်ထောက်က | ကျောင်းအုတ်တံတိုင်း ကာရံခြင်း ပေအရှည် (၅၇၂)နှင့် ကျောင်းစာကြည့်တိုက်ဆောက်ပြီး စာအုပ်စာပေများ ပြည့်စုံစွာ ရရှိခြင်း။ | |
| ၉ | ပညာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု | ကျန်းမာရေး ဝန်ထမ်းများ ထပ်ပြီး ချထားခြင်း။ | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတာ | ကျေးရွာတွင်းမှ အ.မ.က ကျောင်းသွားသည့်လမ်း(၂၀၀၀'x ၁၂'x ၉") အား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။ | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း/တံတား | ကျေးရွာချင်းဆက်လမ်း (ဝဲဝန်း-အနင်း )( ၁၈၄၈၀'x ၁၂'x ၆") အား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း/တံတား | ကျေးရွာတွင်းမှ သုသာန်သွားသည့် လမ်း (၆၅၀'x ၁၂'x ၆") အား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း။ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း/တံတား | ကျေးရွာတွင်းမှ အမကကျောင်းသွားသည့် လမ်း (၅၆၀'x ၁၂'x ၆") အား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း။ | |
| ၁၄ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလင်းစေရန် | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အားကစားကွင်းအား ပြုပြင်ရန်နှင့် အားကစားပစ္စည်းများ လုံလောက်စွာ ရရှိခြင်း | |
| ၁၆ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | ကျေးရွာစာကြည့်တိုက် ဆောက်ရန်( ၂၀'x ၄၀ ’ ) | |
| ၁၇ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း | |
| ၁၈ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။ | |
| ၁၉ | သယံဇာတနှင့်သဘာဝဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## ဝဲဝန်းကျေးရွာအနင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမျိုးအေး | ဦးလှကျော် | ၁၀/သဖရ (နိုင်) ၁၃၁၄၅၁ | ၃၆ | ဥက္ကဋ္ဌ | ၀၉၂၆၁၂၆၇၁၃၁ |
| ၂ | ဦမျိုးဝင်း | ဦးသော်အေး | ၁၀/သဖရ (နိုင်) ၀၉၉၇၀၇ | ၃၆ | အတွင်းရေးမှူး | |
| ၃ | ဦးမျိုးအောင် | ဦးလှကျော် | ၁၀/သဖရ (နိုင်) ၁၁၀၉၆၇ | ၃၈ | ဘဏ္ဍာရေးမှူး | ၀၉၂၅၃၆၃၁၈၂၆ |
| ၄ | မသီတာဦး | ဦးချမ်းဝင်း | ၁၀/သဖရ(နိုင်)၁၈၀၁၃၁ | ၁၈ | စာရင်းကိုင် | ၀၉၂၆၈၉၇၈၇၅၅ |
| ၅ | ဦးထွန်းကြည် | ဦးဘာလွန်း | ၁၀/သဖရ(နိုင်)၀၈၀၇၇၉ | ၆၅ | အဖွဲ့ဝင် | |
| ၆ | ဦးကြည်ထွန်း | ဦးမြင့်သိန်း | ၁၀/သဖရ(နိုင်)၀၃၀၄၆၈ | ၄၅ | အဖွဲ့ဝင် | ၀၉၇၈၀၀၀၂၅၁၄ |
| ၇ | ဦးကံညွန့် | ဦးသော်အေး | ၁၀/သဖရ(နိုင်)၀၃၀၅၆၂ | ၄၇ | အဖွဲ့ဝင် | ၀၉၄၄၉၁၆၇၂၈၅ |
| ၈ | မောင်ညိုဇော် | ဦးစောမြထွန်း | ၁၀/သဖရ(နိုင်)၁၉၉၄၂၀ | ၁၉ | အဖွဲ့ဝင် | ၀၉၂၆၉၆၇၃၃၁ |
| ၉ | ဒေါ်သီသီဝင်း | ဦးလှကျော် | ၁၀/သဖရ(နိုင်)၀၃၀၅၆၆ | ၂၄ | အဖွဲ့ဝင် | |
| ၁၀ | မဝတ်ရည်ကျော် | ဦးတူးနိုင် | ၁၀/သဖရ(နိုင်)၁၈၀၁၀၄ | ၁၈ | အဖွဲ့ဝင် | ၀၉၄၅၉၆၈၇၂၄၆ |
| ၁၁ | မနှင်းပိုးပိုးအောင် | ဦးမြင့်ထွန်း | ၁၀/သဖရ(နိုင်)၁၇၄၃၁၈ | ၁၉ | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၃ | ၁၉ | ၄၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၂၃ | ၄၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၆ | ၄၆ | ၅၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၂ | ၁၂၂ | ၂၃၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၆ | ၁၉ |
| စုစုပေါင်း | | ၂၁၀ | ၂၃၈ | ၄၄၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၉၁ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်း ကျေးတွင် အိမ်ထောင်စု (၉၁) စု၊ လူဦးရေ (၄၄၈) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၅၆)% နှင့် ငါးနှစ်အောက် ကလေးငယ် (၉.၃၈) %၊ မူလတန်းကျောင်းသားအရွယ် (၈.၀၄)%၊ အလယ်တန်း ကျောင်းသား အရွယ် (၂၄.၅၅)%၊ သက်ကြီး ရွယ်ကြီးအရွယ် (၄.၂၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ် မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာ လုံးရှိလူဦးရေ၏ (၄၃.၅၂)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၁၂) ဦး၊ မ (၁၂၂) ဦး စုစုပေါင်း (၂၃၄) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၄၃.၅၂)% ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၉၂) ဦးနှုန်းသာရှိခြင်းကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းနှင့် ကိုက်ညီမှု ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လူသား အရင်းအမြစ်ကောင်းများ အသင့်အတင့် ရှိပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၄ | ၅၇ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၅ | ၂၄ | - | မြင့် ☐ လတ် ☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၉ | | မြင့် ☐ လတ် ☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၂၀ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၉ | ၁၃ | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၇၅+၁၆ | ၁၁၃ | ၂၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် အိမ်ထောင်စု နှင့် လူဦးရေများပြားသည်။ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ လက်သမား/ပန်းရံ လုပ်ငန်းဆောင်ရွက်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တက်ကျွမ်းမှုမရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးပြီး ပြည်တွင်း / ပြည်ပသို့ သွားရောက် လုပ်ကိုင်ကျသည့် အိမ်ထောင်စုများစွာ ရှိပါသည်။ အများစုမှ ပြည်ပ ဖြစ်သည့် ထိုင်းနှင့်မလေးရှားနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ အိမ်ထောင်စု (၁၆)စု၏ စီးပွားရေး မှာ အိမ်ထောင်ဦးစီးများနှင့် မိသားစုဝင်များမှ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းသည် အဓိက ဖြစ်ပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | - | ၄၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ရောင်းဝယ်ရေး နှင့် သဲစုခြင်းလုပ်ငန်းကို ဆောင်ရွက်လေ့ရှိရာ လုပ်အားတန်ဖိုးမှာလည်း အားစိုက်နိုင်မှုနှင့် ကျွမ်းကျင်မှုပေါ် မူတည်ပြီး လုပ်အားခ အနည်းငယ်သာ ကွာခြားပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၂ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂၆ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၅၈** | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်းကျေးရွာတွင် လယ် (၃၂) ဧကရှိပြီး မြေဆီလွှာ အရည်အသွေး မကောင်းပါ။ ဥယျာဉ်ခြံမြေ(၁၅၈)ဧကသည် မြေဆီလွှာ အသင့်အတင့် ရှိပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ်✓ ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အနီးရှိ ချောင်းမှ သဲများ ထွက်ရှိပါသည်။ အသုံးပြုရန် အနည်းငယ်လွယ်ကူပါသည်။ သဘာဝ အပင်မျိုးစိတ် နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧက ဧကအထက်နှင့် ၁၂ဧက | ၂.၅ဧကမှ ၅ဧကကြား | မြေယာပိုင်ဆိုင်မှု (၂.၅)ဧကအောက်ရှိသည့်အိမ်ထောင်စု (၁၈)စု | မြေယာပိုင်ဆိုင်မှုမရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ် ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် (၂၄)စု အိမ်ထောင်စု ဆိုင်ကယ်ရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ရော်ဘာခြံနှင့် သယ်ယူပို့ဆောင်ရေး | အိမ်ထောင်စု(၁၀) မှ ရော်လာခြံ ပိုင်ဆိုင်မှု မရှိ | ရော်ဘာစီးလှီးခြင်းနှင့် ကျပန်း ပြည်တွင်း/ ပြည်သွားရောက်ခြင်း | ကြုံရာကျဘန်း |
| **အိမ်ထောင်စု** | ၁၀ | ၁၇ | ၅၇ | ၇ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်း ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၁၆)စု သည် ခြံမြေဇကပိုင်ဆိုင်မှုများပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်ခြံလုပ်ငန်းလုပ်ကိုင်သည်။ အလယ်အလတ်ရှိ သော အိမ်ထောင်စု(၆၆)စုသည် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိ ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ခြံလုပ်ငန်း လုပ်ကိုင် ကြပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများ (၅၀)စုသည် စိုက်ပျိုးရေးလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်းနှင့် အခြားကြုံရာကျဘန်းလုပ်ငန်းများကို အငှားလုပ်ကိုင် ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၁၉ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ✓<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများသည် မိတ်ဆွေ/ဆွေမျိုးများ နှင့် အတိုးပေးသူထံမှ (၆လ မှ ၁၂လ ထိ) စားဝတ်နေရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အတွက် ချေးယူကြခြင်း ဖြစ်ပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်းကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲ သည့် အိမ်ထောင်စုများ မရှိပါ။ ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ် ကိစ္စရပ်များတွင် တစ်ဦးနှင့် တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ✓ | နိမ့် ☐ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ✓ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ✓ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☐✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ✓ | နိမ့် ☐ | မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်✓ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ✓ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် | မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်း ကျေးရွာသည် အဆင်မပြေသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူ လုံမှုအတွက် ထိခိုက်မှုများ မရှိသည်။ မိုးရာသီနှင့် ရာသီကူးပြောင်းချိန်များတွင် ဖြစ်ပွားမှုတက်သည့် ငှက်ဖျားရောဂါနှင့်တီဘီရောဂါ ခံစားရသူ အနည်းငယ် ကျေးရွာတွင် လူကုန်ကူးမှု နှင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားမှု မရှိပါ။ လမ်းပန်းဆက်သွယ်ရေအသင့်အတင့် ကောင်းမွန် ပါသည်။

### (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်းကျေးရွာတွင် လူငယ်အများစုသည် ကျန်းမာရေးနှင့်ပတ်သက် သည့် ဆေးပညာဆိုင်ရာအသိပညာ နည်းပါးခြင်းကြောင့် အနည်းငယ် ထိခိုက်သက်ရောက်မှု ရှိပါသည်။ အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျဘန်း

လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေး အန္တရာယ်ကြုံတွေ့ရပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများ မှာ အသက်မွေးဝမ်းကျောင်းပညာရပ်တက်မြောက်မှု မရှိသဖြင့် မိမိ နေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းကြောင့် ရွှေ့ပြောင်း သွားလာနေထိုင်သည့် အိမ်ထောင်စု များမှာလည်း ထိခိုက်သက်ရောက်နိုင်ပါသည်။ ရော်ဘာခြံနှင့်နီးပြီး နွေရာသီတွင် မီးဘေးအန္တရာယ် ဂရုစိုက်ရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✓ ၃☐ | ၃ | – | ၃ | ပညာရေး ✓ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၅ | – | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ကျောင်းကော်မတီ | ၁☐ ၂✓ ၃☐ | ၇ | ၃ | ၁၀ | ပညာရေး ✓ ငွေကြေး ✓<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၄ | ကျေးရွာ လူငယ်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၃ | ၄ | ၇ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | အရံမီးသတ် တပ်ဖွဲ့ | ၁☐ ၂✓ ၃☐ | ၂ | | ၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | သွေးလှူရှင်အဖွဲ့ | ၁☐ ၂✓ ၃☐ | ၄ | ၁ | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၇ | ဓမ္မစလ်ကူး အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁ | ၂ | ၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား- ၃ ဦး) သည် ကျေးရွာ၏ ပညာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ရပ်မိရပ်ဖ အဖွဲ့ ကျား(၅)ဦးနှင့် ဓမ္မစလ်ကူး အဖွဲ့ (ကျား (၁)ဦး+မ(၂)ဦး) သည် ဘာသာရေး လုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။ ကျေးရွာ လူငယ်အဖွဲ့ကျား (၃)ဦး+မ(၄)ဦး သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်း များတွင် စုပေါင်းလုပ် ဆောင်နေကြပါသည်။ ကျောင်းကော်မတီမှ (ကျား-၇ဦး+မ-၃ဦး) သည်ကျေးရွာ စာသင် ကျောင်းရှိ ဆရာ/ဆရာမများ နှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေး ၊နှင့် တိုးတက်လာစေရေး အတွက် လုပ်ဆောင်လျှက်ရှိပါသည်။ အရံမီးသတ်တပ်ဖွဲ့ဝင် ကျား(၂)ဦး ရှိပြီး လုံခြုံရေးအတွက် ဆောင်ရွက်နေကြပါသည်။ သွေးလှူရှင်အဖွဲ့သည်(ကျား(၄)ဦး+မ(၁)ဦး) ကျန်းမာရေးအတွက် ကူညီ ဆောင်ရွက်နေကြပါသည်။ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုမှာ အသင့်အတင့်သာ ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်မှု အားနည်း နေပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့ အစည်းများ ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြင်း မရှိပါ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။** ။ ဝဲဝန်းကျေးရွာတွင် ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင် ရွက်မှု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၄၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၁၂ | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၁ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | | တောင်သူကြီး |
